# သခင်ယေရှု

ကမ္ဘာကြီးကို ပြောင်းလဲစေခဲ့တဲ့

# ကယ်တင်ရှင် မေရှိယ




စာသားနှင့် ရေးဆွဲသူ ။ ။ Willem de Vink

## အနက်အဓိပ္ပါယ်များ.....




**ကောင်းကင်တမန်များ** - ဘုရားသခင်ထံမှလာပြီး လူမျက်စိဖြင့် မမြင်နိုင်သည့် သတင်းစေတမန်များ။(စာမျက်နှာ ၅)

**ကောင်းကြီးမင်္ဂလာ**- ဘုရားသခင်၏အလိုတော်အတိုင်း လုပ်ဆောင်သူများတို့အတွက်ဘုရားသခင်က ချီးမြှင့်လိုသည့် ကောင်းမြတ်သောအရာအလုံးစုံ ။



**သမ္မာကျမ်း** - ဘုရားသခင်သည် လူတို့ကို မည်သို့ ကြည့်ရှုတော်မူကြောင်း၊လူတို့နှင့် မည်သို့ ပတ်သက်တော်မူကြောင်းကို ဖတ်ရှုနိုင်သည်။

**ပွဲတော်မင်္ဂလာ** - ယေရှု၏ အသေခံတော်မူခြင်းနှင့် ထမြောက်တော်မူခြင်းကို ယေရှု၏တပည့်တော်များတို့က မုန့်နှင့်စပျစ်ရည် သုံးဆောင်ခြင်းအားဖြင့် အောက်မေ့ သတိရခြင်း။



**လက်ဝါးကပ်တိုင်** - ယေရှုသည်မိမိဆန္ဒအလျှောက် အသေခံ တော်မူခဲ့သည့် ညှင်းပန်းနှိပ်စက်ရာ တန်ဆာပလာတစ်ခု၊ ၎င်းသည်နောက်ပိုင်းတွင် ယေရှုနောက်လိုက်များတို့၏ အမှတ်အသား တစ်ခု ဖြစ်လာခဲ့သည်။

**တပည့်တော်** - ယေရှု၏နောက်လိုက်။



**အီစတာ** - ယေရှု၏ရှင်ပြန်ထမြောက်ခြင်း အထိမ်းအမှတ်ပွဲ။ ထိုနေ့တွင် ဂျူးတို့သည် ပသခါပွဲကိုကျင်းပကြသည်။

**ထာဝရအသက်** - ဘုရားရည်မှန်းထားသည့်အတိုင်း ယေရှု အတူပါရှိသော အသက်တာ၊ ၎င်းသည်သေခြင်းကို အောင်နိုင်ပြီး အဆုံးမရှိပါ။



**ယုံကြည်ခြင်း** - ဘုရားကလုပ်ပေးမည်ဟု ကတိထားသောအရာကို ဘုရားက လုပ်ပေးသည်ဟု သင်က ယုံကြည်စိတ်ချခြင်း။

**ဘုရား၏နိုင်ငံတော်** -ဘုရားသခင်ကိုနာခံသောသူများ ရှိသည့် နေရာတွင် ဘုရား၏နိုင်ငံတော်တည်ရှိသည်။



**ဘုရား၏သား** - ယေရှု၏အမည်နာမ။ သူသည် လူ့ဇာတိကိုခံယူတော်မူသော ဘုရား၏သားအဖြစ် လောကသို့ကြွလာ တော်မူသော ဘုရားဖြစ်သည်။

**သန့်ရှင်းသောဝိညာဉ်တော်** - ယေရှုနောက်လိုက်သူများ အထဲတွင် ဘုရားက သက်ရောက် အသက်ရှင် ပေးစေနိုင်သည့်ဘုရား၏ ဝိညာဉ်တော်။

**ယေရှု** - ဘုရားကယ်တင်တော်မူသည်ဟု အဓိပ္ပါယ်ရသော ဘုရားသားတော်၏ အမည်နာမ။

**မေရှိယ** - ဘိသိတ်ခံရသောရှင်ဘုရင် (မေရှိယသည် ဟေဗြဲ ဝေါဟာရဖြစ်ပြီး ဂရိဘာသာစကားအရ ခရစ်တော်ဟု ဘာသာပြန်ဆိုနိုင်သည်)။

**ဆုတောင်းခြင်း** - သင်ကဘုရားကို တိတ်တဆိတ်ဖြစ်စေ၊ ကျယ်လောင်စွာဖြစ်စေ စကားပြောခြင်းဖြစ်ပြီး သင်က ဘုရားကို ပြန်နားထောင်ခြင်း ဖြစ်သည်။

**ရှင်ပြန်ထမြောက်ခြင်း** - ယေရှုသေခြင်းမှ ထမြောက်ခဲ့သည်။ တစ်နေ့သောအခါတွင် လူတိုင်းသေခြင်းမှ ထမြောက် ကြမည်။ ထိုနောက် ဘုရားက လူသားတစ်ဦးချင်းစီတိုင်းတို့ကို တရားစီရင်တော်မူမည်။

**ပြန်လည်ကြွလာတော်မူခြင်း** - ယေရှုကမ္ဘာမြေပေါ် သို့ ပြန်လည် ကြွလာတော်မူသောအချိန်တွင် အရာခပ်သိမ်းတို့ကို အသစ်ဖြစ် စေမည်။ ကောင်းကင်နှင့်မြေကြီးကိုလည်း ဘုရားကအသစ် ဖန် ဆင်းတော်မူလိမ့်မည်။

**စာတန်** - ဘုရားနှင့်လူတို့၏ မျက်မြင်မရသောရန်သူ (မာရ် နတ်ဟုလည်းညွှန်းဆိုသည်)။

**အပြစ်** - ဘုရား၏အလိုတော်ကိုဆန့်ကျင်သော၊ ဘုရားကလူတို့ အတွက် မျှော်မှန်းထားသော ပန်းတိုင်သို့ ရောက်ရှိခြင်းမှ ဟန့်တားသော ကျွန်ုပ်တို့၏လုပ်ရပ်များ။

**ခွင့်လွှတ်ခြင်း** - မည်သူကမျှမထိုက်တန်သော်လည်း ဘုရားက ခွင့်လွှတ်ပေးခြင်းဖြစ်သည်။ သင်သည်အပြစ် ပြုခြင်းကို အမှန်တကယ်ပင် နောင်တရပြီး ပြောင်းလဲ လိုပါက အပြစ်ခွင့်လွှတ်ခြင်းကို ရရှိနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့ခံယူရမည့် အပြစ်ဒဏ်ကို ယေရှု ခံယူခဲ့ပြီးသောကြောင့်ဖြစ်သည်။

# မေရှိယလို့ခေါ်တဲ့ ယေရှုက ဘယ်သူလဲ။




ယေရှုသည် အစ္စရေးတွင် လွန်ခဲ့သောနှစ်ပေါင်း (၂၀၀၀)ခန့်က အသက်ရှင်နေထိုင်ခဲ့သည်။ ကျွန်ုပ်တို့ ကသူ့ကို "မေရှိယတည်းဟူသောယေရှု" သို့မဟုတ် "ယေရှုခရစ်"ဟု ခေါ်ကြသည်။ ၎င်းက သူသည် ရှင်ဘုရင်တစ်ပါးဖြစ်သည်ဟု အဓိပ္ပါယ်ရသည်။ သို့ရာတွင်သူသည် ရှင်ဘုရင်တစ်ပါးသာမကပါ။ယေရှုကို ဘုရားသားဟုလည်းခေါ်သလို လူသားဟုလည်းခေါ်ပါသည်။ဤသည်က သူသည် ဘုရားနှင့်သက်ဆိုင်သကဲ့သို့ လူသားများနှင့်လည်း သက်ဆိုင်သည်ဟု အဓိပ္ပါယ်ရသည်။ယေရှု၏သက်တော်စဉ် သမိုင်းကြောင်းကို သမ္မာကျမ်းစာတွင် ဖော်ပြပါရှိသည်။ ၎င်းသည် အချိန်ကာလအားလုံးတွင် အကြီးမြတ်ဆုံးသော ပုံဝတ္ထုဖြစ်သည်။

## သခင်ယေရှု၏ ခေတ်ကာလ

ကျွန်ုပ်တို့၏ခေတ်ကာလအချိန်အခါသည် ယေရှုဖွားမြင်ခြင်းခံချိန်မှစတင်သည်။ ထိုအချိန်ကာလက လူတို့သည် ခြေလျင်ဖြစ်စေ၊ မြည်းဖြင့်ဖြစ်စေ၊ ကုလားအုပ်ဖြင့်ဖြစ်စေ၊ မြင်းဖြင့်ဖြစ်စေ ခရီးပြုကြသည်။ ဥရောပ၏အထင်ကရနယ်မြေများ၊ အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကတို့မှာ ရောမအင်ပါယာ၏ သိမ်းပိုက်ခံနယ်မြေများဖြစ်သည်။ လူအားလုံးနီးပါး စာရေး၊စာဖတ်မတတ်ကြသော်လည်း အစ္စရေးရှိ ဂျူးလူမျိုးများက စာရေးနိုင်၊ ဖတ်နိုင်ကြသည်။






## ယေရှုခေတ်ကာလက အစ္စရေးနိုင်ငံ

**မြို့တော်** - ဂျေရုဆလင်

**ပြည်နယ်များ** - ဂါလိလဲ၊ ရှမာရိ၊ ယုဒ။

**အကျယ်အဝန်း** - (၂၈၀၀၀) စတုရန်းကီလိုမီတာ (၁၀၈၁၀ စတုရန်းမိုင်ခန့်)


**ရာသီဥတု** - ပူနွေးစွတ်စိုသော သမပိုင်းဇုံ


**နိုင်ငံရေး** - ဘီစီ ၆၃ မှစပြီး ရောမတို့ အုပ်ချုပ်ခဲ့ပါသည်။


**အစိုးရ** - ရောမဘုရင် တိဗေရိနှင့် နယ်စားပုန္တိပိလတ်တို့ အုပ်ချုပ်ခဲ့သည်။

**ဘာသာရေး** - ဂျူးဘာသာ၊ ဂျေရုဆလင်မြို့တွင် ဂျူးဘုရားကျောင်းတစ်ခု ရှိပါသည်။ ဂျူးဘုန်းတော်ကြီး များက ဘာသာရေးဆိုင်ရာလုပ်ငန်းများ အားလုံးတို့ကို ဆောင်ရွက်ကြပြီး လူတို့ကို သမ္မာကျမ်းမှလမ်းညွှန်ချက် များကို သွန်သင်ညွှန်ပြသော (ဖာရိရှဲကဲ့သို့) ဆရာများ လည်းရှိသည်။


**ဘာသာစကား** - ဟေဗြဲ (ဂျူးတို့၏ဘာသာစကား)၊ ဂရိ (နိုင်ငံတကာသုံး ဘာသာစကား)၊ လက်တင် (ရောမလူမျိုးတို့၏ ဘာသာစကား)


ဒီလူတွေအားလုံး
မြစ်နားမှာဘာကြောင့်စုဝေးနေကြပါလိမ့်။
ကိုယ့်ကိုကိုယ်ပြင်ဆင်ထား
ကြပေ့။ ဘုရားက အမှုသစ်
တစ်ခုကို ပြုတော့မယ်။



ဘဝအသစ်ကို အစပြုကြပါ။
သင်တို့ဘုရားလက်က မလွတ်နိုင်ဘူး။ ဘုရားရဲ့စီရင်ခြင်းဆိုတဲ့ ပုဆိန်က ဒီသစ်ပင်တွေရဲ့အမြစ်ကို ခုတ်ဖြတ်ဖို့ အသင့် ဖြစ်နေပြီ။
ကောင်းတဲ့အသီးမသီးတဲ့အပင်ရှိသမျှကို ခုတ်ပစ်မှာ၊ ပြီးတော့ မီးရှို့ပစ်မှာ။
ဘယ်သူကမှ ဘုရားရဲ့စီရင်ခြင်းကနေ လွတ်အောင်မပြေးနိုင်ဘူး။ဒါပေမယ့် ငါ့နောက်မှာရောက်လာမယ့်သူတစ်ယောက်ကတော့ သင်တို့ကို ပြောင်းပြန်လှန်ပစ်နိုင်တယ်။ သင်တို့ကိုကယ်တင်နိုင်တယ်။
နားထောင်ကြည့်စမ်း။ ငါတို့ဒီလောက်ကောင်း တာတောင် မရသေးဘူးလား။
သင်တို့ရဲ့ဘဝကို တကယ်ဘဲပြောင်းလဲပစ်ချင်သလား။ ယောဒိကရေထဲမှာ လာပြီးဗတ္တိဇံခံကြပါ။
အခုဆိုရင် သင်တို့က ဘဝသစ်ကို စတင်ဖို့ အပြစ်ဆေးကြောခြင်းခံပြီးပါပြီ။


ထိုမြစ်ဘေးနားတွင် တရားဟောနေသူကို ဗတ္တိဇံဆရာယောဟန်ဟုခေါ်ကြသည်။
အခုပြောနေတာငါ့အကြောင်းမဟုတ်ဘူး။ငါက အခြားသူတစ်ယောက်အတွက် ပြင်ဆင်ပေးနေတာ။အဲဒီလူက သင်တို့ကို ဘုရားရဲ့ဝိညာဉ်တော်နှင့်ရော မီးနှင့်ရော ဗတ္တိဇံပေးလိမ့်မယ်။အဲဒီဗတ္တိဇံကသင်တို့ကို လုံးဝပြောင်းလဲသွားစေလိမ့်မယ်။
ထို့နောက် . . .
ကျွန်တော်က ကိုယ်တော့်ထံမှာ ဗတ္တိဇံကို ခံရမယ့်သူပါ။
လုပ်စမ်းပါကွာ။ ဒါမှ ဘုရားအလိုရှိတာကို လုပ်ပြီးသားဖြစ်မှာ။
အိုအဖ ကိုယ်တော်ရဲ့နိုင်ငံတော်တည်ထောင်ပါစေ။ အလိုတော်အတိုင်းဖြစ်ပါစေ။
ရုတ်တရက်ကောင်းကင်မှအသံထွက်ပေါ်လာသည်မှာ. . .
ဤသူကား ငါနှစ်သက်မြတ်နိုးရာငါ၏ချစ်သားပေတည်း။


ဗတ္တိဇံဆရာယောဟန်သည် ကြွလာမည့်မေရှိယအတွက် အစ္စရေးလူမျိုးတို့အား ကြိုတင်ပြင်ဆင်ပေးသည်။ ထိုစဉ်က ရောမတို့သည် ကမ္ဘာ့နယ်မြေများစွာကို အုပ်ချုပ်လျက်ရှိသည်။ အစ္စရေးဆိုသည်မှာ ကြီးမားသော ရောမအင်ပါယာကြီး၏ သေးငယ်သောအစိတ်အပိုင်း တစ်ခုမျှသာဖြစ်သည်။
အစ္စရေး
ကပေရနောင်
ဂါလိလဲ
နာဇရက်
ကာန
ယော်ဒန်မြစ်
ဂျေရုဆလင်
ယုဒ
ဂျူးတို့သည် မေရှိယကို စောင့်မျှော်နေကြသည်။ သူတို့၏ရှေးကျမ်းစာများတွင် မေရှိယ ကြွလာမည့် အကြောင်းကို ပရောဖက်များက ကြိုတင်ဟောကိန်းထုတ်ထားသည်။ သူသည် အစ္စရေးကို ကောင်းစားစေမည့်သူ ဖြစ်သည်။
ယော်ဒန်မြစ်တွင် ဗတ္တိဇံဆရာယောဟန်က ယေရှုကို ယဇ်ပူဇော်ရာ သိုးသူငယ်ဖြစ်တော်မူကြောင်း ထောက်ပြခဲ့သည်။
ဒီမှာကြည့်ကြစမ်း။ သူက ဒီလောကရဲ့အပြစ်တွေအားလုံးကို ယူဆောင်သွားမယ့် ဘုရားရဲ့ သိုးသူငယ်ဖြစ်တယ်။
ဘုရား၏ဝိညာဉ်တော်က ယေရှုကို ကန္တာရသို့ ပို့ဆောင်တော်မူသည်။
ယေရှုသည် ရက်ပေါင်း လေးဆယ် ပတ်လုံး တစ်ဦးတည်း နေထိုင်ပြီး အစားအစာသုံးဆောင်ခြင်းမရှိပါ။ သူသည် မိမိထမ်းဆောင်ရမည့်တာဝန် အတွက် ဆုတောင်းခြင်းဖြင့် မိမိကိုယ်ကို ပြင်ဆင်နေပါသည်။
ယေရှုသည် ဘုရား၏အကြံအစည်တော်ကို အကောင်အထည်ဖော်ရမည်ဖြစ်သည်။ ဘုရားက လူတို့ကို သေကြေပျက်စီးမှာကြောက်နေရသည့်အဖြစ် မှ လွတ်မြောက်စေလိုပါသည်။
ယေရှုသည် မှောင်မိုက်ခြင်း၏ မျက်မြင်မရသောအရှင်သခင်ဖြစ်သည့် စာတန်နှင့် ထိပ်တိုက်ရင်ဆိုင်တော်မူသည်။ ဘုရားနှင့်လူသားမျိုးနွယ်တို့၏ ထိုရန်သူသည် ဤလောကကို မုန်းတီးမှု၊ ဖျားနာခြင်းနှင့် သေခြင်းတို့ဖြင့် အုပ်ချုပ်လျက်ရှိသည်။
ဟုတ်ကဲ့ပါ အဖ။ ကျွန်တော်မျိုး ကိုယ်တော် လုပ်စေချင်တဲ့ အတိုင်း လုပ်ပါ့မယ်။





သို့သော် ဘုရားပေးတာဝန်ကို ထမ်းဆောင်ခြင်းမှ လမ်းလွဲချော်စေရန် ယေရှု၏အတွေးထဲသို့ စာတန်က ထင်ယောင်ထင်မှားဖြစ်စေမည့် အယူအဆများ ထည့်သွင်းပေးသည်။
တကယ်လို့သင်က ဘုရားသားမှန်တယ်ဆိုရင် ဒီကျောက်ခဲတွေကို မုန့်ဖြစ်အောင်လုပ်လိုက်လေ။
မလုပ်ဘူး။ ဘုရားရဲ့ကျမ်းစာမှာ “လူသည်မုန့်အားဖြင့်သာ အသက်မွေးရသည် မဟုတ်။ ဘုရားသခင် မိန့်တော်မူသမျှအားဖြင့် အသက်မွေး ရမည်။”လို့ ပြောထားတယ်။
တကယ်လို့ သင်ကဘုရားသားဆိုရင် သက်သေပြလိုက်စမ်းပါ။ ဗိမ္မာန်တော်ခေါင်မိုးပေါ်က ခုန်ချပစ်လိုက်စမ်းပါ။ သင့်ကို ကောင်းကင်တမန်တွေက ချီပင့်ထားလိမ့်မယ်လို့ ကျမ်းစာကပြောတယ်မဟုတ်လား။
မလုပ်ဘူး။ “သင်၏ဘုရားသခင် ထာဝရဘုရားကို အစုံအစမ်းမပြုရ” လို့လည်း ကျမ်းစာကပြောထားတယ်။
ဒီမယ်ကြည့်စမ်း။ မြေကြီးပေါ်မှာ ရှိသမျှတန်ခိုးအာဏာတွေ သင့်ကို ပေးမယ်။ ငါ့ရှေ့ကမှာသာ ဒူးထောက်ပြပ်ဝပ်လိုက်စမ်းပါ။
နောက်ဆုတ်လိုက်စမ်း စာတန်။ ကျမ်းစာမှာ “သင်၏ဘုရားသခင် ထာဝရဘုရားကိုသာ ဝတ်ပြုရမည်၊ ကိုးကွယ်ရမည်”လို့ ပြောထားတယ်။
ထို့နောက်တွင် စာတန်သည် ယေရှုအနားမှထွက်ခွာသွားခဲ့သည်။ ကောင်းကင်တမန်များတို့က ယေရှုကို လာရောက်ပြုစုကြသည်။
ယေရှုသည် သူ၏ဇာတိ ဂါလိလဲခရိုင်သို့ပြန်သွားခဲ့သည်။ သူ့တွင် ဘုရား၏ ဝိညာဉ်တော်နှင့်ပြည့်ဝနေသည်။ သူ၏လမ်းခရီးတစ်လျှောက်တွင် အခြားလူများလည်း အဖော်ပြုလိုက်ပါလာခဲ့ကြသည်။ ထိုသူတို့က ယေရှုသည် မေရှိယ ဟုတ်၊မဟုတ် သိရှိလိုကြသည်။



ဂါလိလဲကုန်းမြင့်ဒေသရှိ ကာနမြို့တွင် မင်္ဂလာပွဲတစ်ခုကျင်းပနေသည်။
ယေရှုလည်း သူ၏မိခင်၊ သူ၏မိတ်ဆွေများတို့နှင့်အတူ ထိုပွဲသို့တက်ရောက်ခဲ့ပါသည်။


သို့သော် ညစ်ခံပွဲတဝက်ခန့် ရောက်ချိန်တွင် . . .
ပြဿနာဘဲဟော့။ စပျစ်ရည်ကုန်သွားပြီ။
ယေရှုပြောတဲ့အတိုင်းသာ လုပ်ပေးလိုက်ကြဟော့။
ဒီစဉ့်အိုးကြီးတွေကို ရေအပြည့်ဖြည့်လိုက်ကြ။ ပြီးမှ ပွဲစီစဉ်သူဆီကိုယူသွားပြီး မြည်းကြည့်ခိုင်းလိုက်။
?
ရေမဟုတ်လား။ အခုတော့ စပျစ်ရည်ဖြစ်နေပါလား။ အကောင်းဆုံးစပျစ်ရည်ဘဲဟော့။
ဒါလေး မြည်းကြည့်စမ်းပါ။ ခင်ဗျားက အကောင်းဆုံးကို နောက်ဆုံးမှ တည်ခင်းတာကိုး။
ပွဲကြီးပွဲကောင်းဘဲဟော့။ ထူးခြားတဲ့မင်္ဂလာဆောင်ပွဲဘဲ။ ရေကနေ စပျစ်ရည်ဖြစ်သွားတယ်။ စပျစ်ရည်မှ အကောင်းဆုံးစပျစ်ရည်ဘဲ။
နာဇရက်မြို့သား ယေရှုက လုပ်လိုက်တာတဲ့ဟော့။
သူက ဘယ်သူလဲ။


ကပေရနောင်သည် ဂါလိလဲအိုင်အနီးရှိ ကြွယ်ဝသောတံငါရွာတစ်ရွာဖြစ်ပါသည်။ ဤနေရာတွင် ယေရှုက ဘုရား၏ အကြံအစည်တော်များအကြောင်း စတင်ပြောဆိုခဲ့ပါသည်။
ဤနေရာတွင်ပင် သူ၏ကနဦးတပည့်တော်များကို ရွေးချယ်ခဲ့သည်။
ပေတရုရေ ရေနက်နက်ထဲကိုရွှေ့ပြီး ပိုက်ကွန်ကို ချလိုက်စမ်းပါဦး။
သခင် ကျွန်တော်တို့တစ်ညလုံး ကြိုးစားဖမ်းတာတောင် ငါးတစ်ကောင်မှမရခဲ့ပါဘူးဗျာ။
ဒါပေမယ့် သခင်ကခိုင်းတယ် ဆိုတော့လည်း ။
ဟာ။ငါတော့ ယုံတောင် မယုံနိုင်ဘူးကွာ။


ယာကုပ်တို့ယောဟန် တို့ရေ လာကူကြပါ ဦး။ တို့ တသက်စာ ဖမ်းသလောက်ကို တစ်ချီထဲနဲ့မိလာတာ။
ကျွန်တော့်ကို ထားပစ်ခဲ့ပါ သခင်။ ကျွန်တော်က အပြစ်နဲ့ ပြည့်တဲ့သူတစ်ယောက်ပါ။
မစိုးရိမ်ပါနဲ့ ပေတရု။
အခုကစပြီး မင်းတို့က လူတွေကိုမျှားမယ့် တံငါသည်တွေဘဲ။
ငါ့နောက်ကိုလိုက်ခဲ့ ကြ။


ယေရှုသည်သူ့တပည့်တော်များနှင့် အစ္စရေးမြောက်ဘက်ပိုင်းသို့ ခရီးပြုခဲ့သည်။ ဘုရား၏နိုင်ငံတော်တည်လုနီးပြီဖြစ်ကြောင်း လူတိုင်းကို ပြောပြခဲ့သည်။ သူပြောသောစကားတိုင်းသည် တန်ခိုးနှင့်လည်းကောင်း၊ မင်္ဂလာနှင့်လည်းကောင်း ပြည့်ဝနေသည်။ သူသည် မကျန်းမာသူများတို့ကို ရောဂါပျောက်စေပြီး နတ်ဆိုးဖမ်းစားခံရသူများတို့ကို လွတ်မြောက်စေသည်။ လူပေါင်းများစွာတို့က သူ့နောက်လိုက်ခဲ့ကြသည်။ ထိုသူတို့သည် အခြားခရိုင်များအပြင် အစ္စရေး၏မြို့တော် ဂျေရုဆလင်မှ လာကြ သူများဖြစ်သည်။
စိတ်နှလုံးနှိမ့်ချတဲ့သူတွေက မင်္ဂလာရှိတယ်။ ကောင်းကင်နိုင်ငံတော်က သူတို့ရဲ့နိုင်ငံဘဲ။
ဖြောင့်မတ်ခြင်း ပါရမီကို တောင့်တတဲ့သူတွေက မင်္ဂလာရှိတယ်။ သူတို့က ဝပြောခြင်းကို ရရှိလိမ့်မယ်။
စိတ်မသာ ညည်းတွားတဲ့သူတွေက မင်္ဂလာရှိတယ်။ သူတို့ဟာ နှစ်သိမ့်ခြင်းကို ခံရကြမယ်။
သူတပါးကို သနားတတ်တဲ့သူတွေက မင်္ဂလာရှိတယ်။ ဘုရားက သူတို့ကို သနားစုံမက်လိမ့်မယ်။ သူတပါးရန်ဖြစ်နေတာကို ပြေလည်စေတဲ့သူတွေက မင်္ဂလာရှိတယ်။ သူတို့ကဘုရားသားလို့ခေါ်တာ ခံရကြလိမ့်မယ်။



ကိုယ့်ကိုပြုစေလိုတဲ့အတိုင်း သူတပါးကိုပြုပါ။
ရန်သူကိုချစ်ပါ။သူတို့ကို ဆုတောင်းမေတ္တာပို့ပါ။
ကောင်းမှုကိုပြုရင် တိတ်တဆိတ်ပြုပါ။ သူတပါးစိတ်ဝင်စားလာ စေဖို့အတွက် မလုပ်ပါနဲ့။
မိန်းမတစ်ယောက်ကို တပ်မက်တဲ့စိတ်နဲ့ ကြည့်တဲ့သူဟာ စိတ်ထဲကနေ အဲဒီမိန်းမနဲ့ ဖောက်ပြန်တာနဲ့အတူတူဘဲ။
မျက်စိက တစ်ကိုယ်လုံးအတွက်အလင်းဘဲ။ မျက်စိကြည်ရင် တစ်ကိုယ်လုံးလင်းမယ်။ မျက်စိ မကြည်လင်ရင် မှောင်မိုက်ထဲမှာဘဲ နေရသလိုဖြစ်မယ်။
ဘယ်သူကမှ သခင်နှစ်ဦးရဲ့အစေကို မခံနိုင်ဘူး။ဘုရားသခင်လား၊ လောကီစည်းစိမ်လား။ တစ်ခုဘဲရမယ်။
မနက်ဖြန်နေ့အတွက် မစိုးရိမ်နဲ့။ ဘုရားရဲ့နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းတရားကို အရင်ရှာပါ။ လိုတာတွေနောက်ကလိုက်လာမယ်။
ငါပြောဆိုတဲ့အတိုင်း လုပ်ဆောငမယ်ဆိုရင် အဲဒီလူဟာ ကျောက်ပေါ်မှာအိမ်ကိုဆောက်တဲ့သူဖြစ်မယ်။ မလုပ်ရင်တော့ သဲပေါ်မှာအိမ်ကိုဆောက်တဲ့သူဖြစ်မယ်။



တစ်နေ့တွင် လူအုပ်ကြီးသည် ယေရှုရှိနေသည့် ကပေရနောင်ရှိအိမ်တစ်အိမ်တွင် ဝိုင်းအုံနေခဲ့ကြသည်။
ငါတို့ရောက်နိုင်တော့မှာမဟုတ်ဘူး
ဟိုခေါင်မိုးပေါ်က နေပြီး အိပ်ယာပါ လျှောချမှရမှာ။
အပေါ်က ဘာဖြစ်နေကြတာလဲဟေ့။
နေပါစေ။ဒီလူတွေက ယုံကြည်ခြင်းတော်တော်ရှိကြတယ်။
သင်တို့အပြစ်တွေကို ခွင့်လွှတ်လိုက်ပြီ။
ကြားလိုက်သလား။ သူမို့ အဲဒီလိုပြောရဲတယ်။
သူက ဘုရားကိုလှောင်ပြောင်နေတာကွ။
ဘုရားတပါးတည်းကဘဲ အပြစ်ကိုခွင့်လွှတ်နိုင်တာ။
သင့်ရဲ့အပြစ်ကို ခွင့်လွှတ်လိုက်ပြီဆိုတာနဲ့ ထပြီးလမ်းလျှောက်ဆိုတာနဲ့ ဘယ်ဟာက ပြောရပိုလွယ်သလဲ။
မေရှိယမှာ အပြစ်ကိုခွင့်လွှတ်ပိုင်ခွင့်ရတယ်။ ဒါပေမယ့် ငါ့မှာလည်း သင့်အိပ်ယာကိုယူပြီး လမ်းလျှောက်သွားလိုက်တော့လို့ ပြောပိုင်ခွင့်ရှိတယ်။




ယေရှုသည် ကောင်းသောအမှုများစွာကို ပြုခဲ့ပါသည်။ သူသည် အမြော်အမြင်၊ အခွင့်အာဏာတို့ဖြင့် စကားပြောတော်မူပါသည်။ သူသည် ကရုဏာနှင့်ကျေးဇူးတရားတို့မှလွဲပြီး အခြားမည်သည့် အရာကိုမျှ မထင်ရှားစေခဲ့ပါ။ သို့သော် လူတိုင်းကသူ့ကို ကျေနပ်ကြသည်တော့မဟုတ်ပါ။ ခေါင်းဆောင်များတို့က ပညတ်အတိုင်းဖြစ်စေလိုကြသည်။ ယေရှုသည် ပညတ်အတိုင်းလုပ်၊ မလုပ်ကို သူတို့ စောင့်ကြည့်ကြသည်။ ဥပမာ ဘာမှ မလုပ်ရန်တားမြစ်ထားသော ဥပုသ်နေ့ကဲ့သို့နေ့မျိုးတွင် ဖြစ်သည်။















ယေရှုနှင့် ဘာသာရေးခေါင်းဆောင်များကြား တင်းမာမှု မြင့်တက်နေချိန်တွင် ယေရှုက ရောင်ထွက်လိုက်သည်။ သူသည်တပည့်တော်များနှင့်အတူ ဂါလိလဲ အိုင်တစ်ဘက်သို့ လှေဖြင့်ကူးသွားသည်။ သို့သော် . . .
သခင်ရေ ကယ်ပါဦး၊ လှေမြုပ်တော့မယ်။
ဘာလို့ကြောက်နေကြတာလဲ။ မင်းတို့ရဲ့ယုံကြည်ခြင်းက ဘယ်မှာလဲ။



တိတ်စမ်း။ ငြိမ်ငြိမ်နေ။
တဘက်ကမ်းအရောက်တွင် သူတို့လှေကို ချည်လိုက်ကြသည်။ တောင်ပေါ်မှ အော်သံတစ်ခုကြားရသည်မှာ . . .
ရား. . .



ထိုနေရာတွင် လူတစ်ဦးတည်း အထီးတည်းနေထိုင်သည်။ သူသည် နတ်ဆိုးစွဲနေသည်။
သူလာနေပြီ။
သူဘဲ။ အား။
ကိုင်း သခင်ယေရှုရေ။
မင်း နာမည် ဘယ်လိုခေါ်လဲ။
အမြင့်ဆုံးသော ဘုရားရဲ့ သားတော် ကိုယ်တော်ကို ကျွန်တော်တို့က ဘာလုပ်မိလို့လဲ။
ညှင်းဆဲတဲ့ နတ်ဆိုးတွေ ဒီလူထဲကထွက်စမ်း။
လေဂေါင်ပါ။ ကျွန်တော်တို့က အရေအတွက်များလို့ပါ။
ဟိုနားက ဝက်တွေထဲကို ဝင်ခွင့်ပြုပါ။
သွားတော့။


?
ကျွန်တော်လုံးဝ
နေကောင်းသွားပြီ။
သွားကြ။
ထွက်သွားကြ။
ကိုယ်တော်နဲ့
လိုက်ခဲ့ပါရစေ။
မလိုက်နဲ့။ ဒီမှာဘဲနေခဲ့ပြီး လူတိုင်းကို
ဘုရားက သင့်အတွက်ဘာလုပ်ပေးခဲ့
တယ်ဆိုတာ ပြောပြလိုက်ပါ။



ငါ့အဖက လုပ်စေချင်တဲ့ အရာကိုဘဲ ငါကလုပ် တယ်ဆိုတာ မင်းတို့သိ ထားဖို့လိုတယ်။ သူက ငါ့ကို စေလွှတ်လိုက်တဲ့သူဘဲ။
ယေရှုသည် တိတ်ဆိတ်သောနေရာများသို့ ပုံမှန်သွားရောက် ဆုတောင်းလေ့ရှိသည်။
တစ်ညတာဆုတောင်းပြီးနောက်တွင် ယေရှုက သူ၏တမန်တော် တစ်ဆယ့်နှစ်ပါးတို့ကိုရွေးချယ်တော်မူသည်။ပြီးမှ နှစ်ယောက်တစ်တွဲ စေလွှတ်တော်မူသည်။ သူတို့အား နတ်ဆိုးများနှင့် ရောဂါများကို နှင်ထုတ်ရန် အခွင့်အာဏာပေးအပ်ခဲ့သည်။
သူတို့မှာ ညီအစ်ကိုနှစ်ဦးဖြစ်သော ပေတရုနှင့် အန္ဒြေ။
ညီအစ်ကိုနှစ်ဦးဖြစ်သော ယာကုပ်နှင့် ယောဟန်။
ဖိလိပ္ပုနှင့် နသနေလ။


သောမနှင့် မသဲ (ယခင်က ရောမ များအတွက် အခွန်တော်ငွေကောက်ခံ ပေးခဲ့သူ)။
သဒ္ဒဲနှင့် အခြားသော ယာကုပ်။
ခေါင်းမာသောတိုက်ခိုက်ရေးသမား ရှိမုန်နှင့် ယုဒရှကာယုတ်။
သွားကြလော့။ သင်တို့ကို လက်ခံသောသူတိုင်း ကငါ့ကိုလက်ခံကြသလို ငါ့ကိုလက်ခံတဲ့သူတိုင်းကလည်း ငါ့ကို စေလွှတ်တော်မူတဲ့ ငါ့အဖကို လက်ခံကြတယ်။
တမန်တော်တစ်ဆယ့်နှစ်ပါးတို့သည် သာသနာပြုခရီးမှ စိတ်လှုပ်ရှားစွာ ပြန်လာခဲ့ကြသည်။ သူတို့သည် ယေရှုပြောသည့်အတိုင်း အားလုံးကို လုပ်ဆောင်ခဲ့ကြသည်။ ထို့နောက် ယေရှုသည် သူတို့နှင့်အတူ ဆိတ်ငြိမ် ရာအရပ်သို့ သွားလိုသည်။ သို့ရာ တွင် လူအုပ်ကြီးက သူတို့ကို သွားခွင့်မပေးပါ။
ကြည့်စမ်း။ ရိတ်သိမ်းစရာတွေများပေမယ့် လုပ်သားကနည်းလွန်းနေတယ်။ ရိတ်သိမ်းဖို့အ တွက် လုပ်သားတွေကိုစေလွှတ်ပေးအောင် လယ်ရှင်ဆီမှာဆုတောင်းကြပါ။


ယေရှုသည် တရားဟောခြင်းနှင့် အနာရောဂါငြိမ်းစေခြင်းတို့ကို ဆက်လက်လုပ်ဆောင်သည်။ ထိုသို့လုပ်ရင်းဖြင့် ညနေစောင်းသွားသည်။
ဖိလိပ္ပုရေ ဒီလူတွေအားလုံးအတွက် စားစရာဘယ်လိုရနိုင်မလဲ။ သူတို့အတွက် စားစရာတစ်ခုခု စီစဉ်ပေးလိုက်ပါလားကွာ။
ကျွန်တော်တို့တွေမှာ ငွေနှစ်ရာ ထဲရှိပါတယ်။ အားလုံးအတွက် လုံလောက်ဖို့ လုံးဝမဖြစ်နိုင်ပါဘူး။
ဒီကောင်ကလေးမှာတော့ မုန့်ငါးလုံးနဲ့ ငါးနှစ်ကောင်ရှိပါတယ်တဲ့။ ဒီမှာရှိတာ ဒါအကုန်ပါဘဲ။
ဒီလူတွေကို အယောက်ငါးဆယ်တစ်စု ခွဲပြီးထိုင်ခိုင်းလိုက်ပါ။
ယေရှုသည် ဘုရားသခင်ကို ကျေးဇူးချီးမွမ်းပြီးနောက်. . .
မုန့်နှင့်ငါးကို ချိုးဖဲ့လိုက်သည်။


ယေရှုက အစားအစာကို ပွားများစေသဖြင့် လူထောင်ပေါင်းများစွာတို့ကို ကျွေးမွေးနိုင်ခဲ့သည်။
ငါတို့သူ့ကို ရှင်ဘုရင်အဖြစ် တင်မြှောက်ရမယ်ကွ။
သူက တကယ်ဘဲ ငါတို့အတွက် ကတိထားတဲ့ မေရှိယဖြစ်တယ်။
ကြည့်စမ်း။ တောင်းတစ်ဆယနှစ်လုံးနဲ့ အပြည့်ကို ပိုနေတာဘဲ။
ဒီလူတွေကို အိမ်ပြန်ပို့ဖို့ အချိန်တန်ပြီ။ လှေကိုယူပြီး တစ်ဘက်ကမ်းကိုသွားကြ။ ငါကတော့ဒီမှာကျန်နေရစ်ခဲ့ပြီး တောင်ပေါ်မှာ ဆုတောင်းဦးမယ်။


ထိုညတွင်. . .
အား။ သရဲဟေ့။
မကြောက်ကြနဲ့။ ငါပါကွ။
သခင် ကျွန်တော်မျိုး ရေပေါ်မှာလမ်းလျှောက်ပြီး သခင့်ဆီလာနိုင်အောင် အမိန့်ရှိတော်မူပါ။
လာခဲ့။
သခင်။ ကယ်တော်မူပါ။
မင်း ဘာကြောင့် သံသယဝင်ရတာလဲ ပေတရု။

လူအချို့တို့က ယေရှုကို ရှင်ဘုရင်
တင်မြှောက်လိုကြသည်။ ယေရှုက
နယ်ချဲ့ရောမများတို့ကို နှင်ထုတ်ပစ်
လိမ့်မည်ဟု သူတို့မျှော်လင့်ကြသည်။
ယေရှုကို ဆန့်ကျင်သူများ တိုးပွားလာ
လျက်ရှိနေသည်။ သူက လူများကို
အနာရောဂါငြိမ်းစေနေသည့်တိုင်
ဘာသာရေးခေါင်းဆောင်များတို့က
သူ့ကို ပညတ်ချိုးဖောက်သည်
ဟု ယူဆနေကြသည်။ လူများတို့က
သူ့ကိုဆန့်ကျင်ရန်နှင့်အပြီးရှင်းထုတ်
ပစ်ရန် သူတို့က အကွက်ဆင်လိုကြ
သည်။


















ယေရှုသည် ခြိမ်းခြောက်ခြင်း ခံခဲ့ရသည်။ လူအချို့တို့က သူ့ကို ကျောက်ခဲဖြင့် ပစ်သတ်လိုကြ သည်။ သူဂါလိလဲနယ်မှ ထွက်ခွာ လာခဲ့သည်။ အမျိုးသားများရော အမျိုးသမီးများပါ ပါဝင်သည့် နောက်လိုက်တစ်စုဖြင့် အစ္စရေး၏ အခြားနယ်များတွင် သူ၏အမှုကို ဆက်လက် ဆောင်ရွက်ပါသည်။
ဂါလိလဲ
အစ္စရေး
ဂျေရုဆလင်
ထို့နောက်သူသည် ဂျေရုဆလင်သို့ ခရီးပြုခဲ့သည်။
လမ်းခရီးတွင် . . .
လူတွေက ငါ့ကိုဘယ်သူလို့ ပြောနေကြလဲ။
သူတို့က ကိုယ်တော့်ကို ပရောဖက် တစ်ပါးလို့ ထင်နေကြတယ်။
မင်းတို့ကရော။
မင်းတို့ကရော ငါ့ကိုဘယ်သူလို့ ထင်ကြသလဲ။
ကိုယ်တော်က အသက်ရှင်တော်မူသော ဘုရားရဲ့ သားတော် မေရှိယပါ။
ဘယ်သူ့ကိုမှမပြောနဲ့ဦး။ မေရှိယက ဝေဒနာခံစားဖို့နဲ့ အသေခံဖို့အတွက် ဂျေရုဆလင် ကိုသွားရမယ်။ ဒါပေမယ့် တတိယမြောက်နေ့မှာ သင်္ချိုင်းတွင်းကနေ ရှင်ပြန်ထမြောက်လိမ့်မယ်။


လမ်းခရီးတလျှောက်တွင် လူများတို့ကို ရောမတို့၏ ရက်စက်သောသေဒဏ်ပေးနည်းဖြစ်သည့် လက်ဝါးကပ်တိုင်ပေါ်တင်ပြီး သတ်နေကြသည်ကို တွေ့ကြရသည်။
ငါ၌ဆည်းကပ်လိုတဲ့သူဆိုရင်တော့ ကိုယ့်လက်ဝါးကပ်တိုင်ကိုထမ်းပြီး ငါ့နောက်ကိုလိုက်ရမယ်။
မိမိအသက်ကိုနှမြောတဲ့သူက အသက်ဆုံးရှုံးရမယ်။ မိမိအသက်ကို မနှမြောတဲ့သူက အသက်ကိုရလိမ့်မယ်။
ဘုရားသခင်တပါးတည်းရှိတော်မူတယ်ဆိုတာ မင်းတို့သိကိုသိရမယ်။
အရေးကြီးတာတစ်ခုကတော့ သင်တို့ကဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှနဲ့ချစ်ရမယ်။ ကိုယ်နဲ့စပ်ဆိုင်တဲ့သူကို ကိုယ်နှင့်အမျှချစ်ရမယ်။



အစ္စရေးနိုင်ငံတွင် ဥပဒေအရ လူနူများအား မသန့်ရှင်းဟု သတ်မှတ်ကာ၊ လူများနှင့် မထိတွေ့စေရန် သီးသန့် နေစေကြ၏ . . .
သူတို့ လာနေသည်ကို အော်ဟစ်သတိပေးရ၏။
မသန့်ရှင်းသူပါ။ မသန့်ရှင်းသူပါ။
ယေရှု။ သခင်ယေရှု။ ကျွန်တော်တို့ကို သနားပါဦး။



သွားကြ။
သင်တို့ရဲ့ကိုယ်ကို ယဇ်ပရောဟိတ်
မင်းဆီမှာ သွားပြလိုက်ကြ။
ယဇ်ပရောဟိတ်ဆီသွားရမယ်။
အစစ်ဆေးခံဖို့ပေါ့ ဟုတ်လား။
အဲဒီအချိန်ကျရင်
ငါတို့ကပြန်ကောင်းမှာလား။
?
!
ဟုတ်ပြီကွ၊ ကောင်းသွားပြီ။
ငါတို့ ပြန်ကောင်း
သွားပြီဟေ့။
လာကြဟေ့။
ဟာလေလုယာ။ ဘုရားကောင်း
မြတ်တယ်။ ကျေးဇူးတင်ပါတယ်။
မင်းတို့ ဆယ်ယောက်လုံး သန့်ရှင်း
သွားပြီမဟုတ်လား။ ကျန်တဲ့သူတွေ
ကရော ဘုရားကို ကျေးဇူးမတင်ရ
အောင် ဘယ်ရောက်နေကြလဲ။
ထပါ။ သင့်ရဲ့ယုံကြည်ခြင်းက
သင့်ရောဂါကို ပျောက်စေရုံမက
သင့်ကို ကယ်တင်လိုက်ပြီ။


ဂျေရုဆလင်ရှိ ဘာသာရေး ခေါင်းဆောင်များတို့က ယေရှုထံသို့ လူများကိုစေလွှတ်ပြီး ယေရှုဟောပြောသည်ကို နားထောင်စေသည်။ သူ့တွင် ကောင်းမြတ်ခြင်းသာရှိသည်မှာ မဖြစ်နိုင်ပါဟု သူတို့က အပြစ်တင် စွပ်စွဲနိုင်မည့်အရာ တစ်စုံတစ်ခုဖြင့် လက်ပူးလက်ကြပ်ဖမ်းလိုကြသည်
ယေရှုသည် နာမည်ပျက်သောသူများနှင့်လည်း ပတ်သက်လေ့ရှိသည်။ ဥပမာ - ပြည့်တန်ဆာများနှင့် ရောမတို့အတွက် အလုပ်လုပ်သော အခွန်ခံများ
မေရှိယက ပျောက်ဆုံးနေသူတွေကို ကယ်တင်ဖို့ ကြွလာတာဖြစ်တယ်။
မည်သူမျှအလုပ်မလုပ်ရဟု ပညတ်ထားသော ဥပုသ်နေ့တွင် ယေရှုက မကျန်းမာသူများတို့ကို အနာငြိမ်းစေသည်။
အနာငြိမ်းစေ။
ကလေးသူငယ်များအားလုံးတို့သည် လည်း သူ၏ဂရုပြုခြင်း ခံရသည်။
ကလေးတွေ ငါ့ဆီကို လာကြပါစေ။ ဘုရားရဲ့နိုင်ငံတော်က သူတို့လိုလူတွေအတွက် ဖြစ်တယ်။



ယေရှုက ဂျေရုဆလင်အနီးက ရွာ
တစ်ရွာဖြစ်တဲ့ ဗေသနိကို
သွားတယ်။ လာဇရု
နေမကောင်းဖြစ်နေတယ် ဆိုလို့ပါ။
လာဇရုနဲ့ သူ့အစ်မနှစ်
ယောက်ဖြစ်တဲ့ မာရိ၊ မာသတို့က
ယေရှုရဲ့ မိတ်ဆွေတွေဖြစ်ပါတယ်။
ရွာကိုရောက်ရောက်ချင်းဘဲ
လာဇရုကို သင်္ဂြိုဟ်ပြီးတာ
လေးရက်တောင်ရှိပြီ
ဆိုတာသိလိုက်ရတယ်။
သခင်ရေ။
သခင်သာဒီမှာရှိနေမယ်ဆိုရင် ကျွန်မမောင်က သေမှာမဟုတ်ဘူး။
မာသရေ မင်းရဲ့မောင်က ရှင်ပြန်ထမြောက်လိမ့်မယ်။
နောက်ဆုံးသောနေ့ရက်ရောက်လို့ အားလုံးရှင်ပြန်ထမြောက်တဲ့အ ချိန်ရောက်ရင် ပြန်ထလာမယ်ဆိုတာ ကျွန်မသိပါတယ်။
ငါက ရှင်ပြန်ထမြောက်ခြင်းအ ကြောင်း၊ အသက်ရှင်ခြင်းအကြောင်း ဖြစ်တယ်။ ငါ့ကိုယုံကြည်တဲ့သူက အသက်ရှင်ရလိမ့်မယ်။ ဒါကို မင်းယုံကြည်သလား မာသ။
ယုံပါတယ်သခင်။ သခင်က ကတိထားတော်မူတဲ့ ကြွလာမယ့်မေရှိယ ဖြစ်တယ်ဆိုတာရော ဘုရားရဲ့သား ဆိုတာကိုပါ ကျွန်မယုံပါတယ်။
သူ့ကို ဘယ်မှာသင်္ဂြိုဟ်ထားလဲ။
လာကြည့်ပါ သခင်။



အဲဒီလူကို သူဘယ်လောက် ချစ်လဲကြည့်ပါဦး။
ဒါပေမယ့် သူကြိုတင်မတားဆီးနိုင်ဘူးလေ။
လူသေများတို့ကို အဝတ်နှင့်ပတ်ရစ်ပြီး ကျောက်ဂူများအတွင်း ထည့်သွင်းသဂြိုဟ်လေ့ရှိကြသည်။
အဲဒီကျောက်ကို ဖယ်လိုက်။
သခင်၊ လေးရက်ရှိပြီဆိုတော့ ပုပ်နေပါပြီ။
ဘုရားရဲ့ဘုန်းတော်ကို မင်းမြင်ရလိမ့်မယ်။
အဖ၊ ကျွန်တော်ဘယ်သူဖြစ်တယ်ဆိုတာ လူတွေသိဖို့အတွက် ဒါကို လုပ်ရတာပါ။
လာဇရု ထွက်ခဲ့။
သူ့ကိုဖြည်ပေးလိုက်ကြ။


ဂျေရုဆလင်ရှိ အာဏာပိုင်များတို့သည် ယေရှုနှင့် သူ၏တပည့်တော်များကို ပိုပြီး စိတ်မချနိုင်ဖြစ်လာကြသည်။
ဒီလူက နိမိတ်လက္ခဏာ အတော်များများ လုပ်ပြနေတာဘဲ။
ဒီအတိုင်းလွှတ်ထားမယ်ဆိုရင် ရောမတွေက အရေးယူလိမ့်မယ်။
သူတို့က ငါတို့ရဲ့ဗိမ္ဗာန်တော်နဲ့ နိုင်ငံကို ဖျက်ဆီးကြလိမ့်မယ်။
စဉ်းစားကြည့်စမ်းပါ။ လူအားလုံးပျက်စီးရတာနဲ့စာရင် အားလုံးအတွက် လူတစယောက် သေပေးလိုက်ရင် ပိုမကောင်းဘူးလား။
ဒီတော့ အဲဒီ ယေရှုကို သတ်ပစ်ရမှာပေါ့။
လူအားလုံးတို့အတွက် လူတစ်ယောက်က အသေခံရပေတော့မည်။ ထိုအကြောင်းကြောင့် ဘာသာရေးခေါင်းဆောင်များတို့က ယေရှုကိုဖမ်းဆီးရန် နည်းလမ်းရှာကြလေသည်။ ယေရှုသည် ဂျေရုဆလင်သို့သွားရာ လမ်းတွင် ရှိနေသည်။ ဤသည်ကအဆင်ပြေသည်။ သူတို့က ရောမများသည် ယေရှုကို သေဒဏ်စီရင်ချက် ချစေလိုကြသည်။



ထိုအချိန်တွင် ဗေသနိ၌ စားသောက်ပွဲကျင်းပနေသည်။
မာရိပါလား
နှမြောစရာကြီး။ အဲ့ဒီရေမွှေးက မနည်းမနော တန်တာနော်။
အဲ့ဒါကိုရောင်းလိုက်ပြီး ရတဲ့ငွေနဲ့ ဆင်းရဲသားတွေကို ထောက်ပံ့ရမှာ။
နေပါစေ ယုဒရေ။ သူကငါ့ကို သင်္ဂြိုဟ်ဖို့အတွက် ပြင်ဆင်နေတာပါ။

ပသခါပွဲကြီး နီးကပ်လာချေပြီ။ လူများ အစုလိုက်အဖွဲ့လိုက် ဂျေရုဆလင်သို့ ခရီးပြုကြသည်။ သူတို့သည် ဗိမ္ဗာန်တော်သို့ ယဇ်ပူဇော်စရာကို ယူဆောင်လာကြပေမည်။







လူတို့က
သူ့ကိုဟစ်ကြွေးကြိုဆိုကြသည်။
ဟေး။
ဟောရှဏ္ဏာ။
အစ္စရေးရဲ့
ရှင်ဘုရင်။
ဘုရားရဲ့ နာမတော်၌
ကြွလာတော်မူသောသူ
အသက်တော်
ရာကျော်ရှည်ပါစေ။
ဂျေရုဆလင်ရယ် သင့်ရဲ့
ငြိမ်သက်ခြင်းကို ဘယ်လို
ရယူရမယ် ဆိုတာကိုသာ
သင်သိခဲ့ရင်လေ။
ဒါပေမယ့် သင်က
အလိုမရှိဘူးဖြစ်နေတယ်။
တလောကလုံး
သူ့နောက်လိုက်
သွားကြပြီကွ။
ရပ်တန်းက ရပ်မှဖြစ်မယ်။




မြို့တော်ရှိထိုဗိမ္မာန်တော်သည် ဂျူးဘာသာရေးဆိုင်ရာ ဗဟို အချက်အချာဖြစ်သည်။
ပသခါပွဲချိန်တွင် သိုးသူငယ်များကို သတ်ကြသည်။
လူတို့၏အပြစ်ကိုဖြေရန်အတွက် ထိုဗိမ္မာန်တော်တွင် ၎င်းတို့ကို ယဇ်ပူဇော်ကြသည်။
သို့သော် မည်သို့သော ယဇ်ပူဇော်ရာ သိုးသူငယ်က လူတို့ကို တရားစီရင်ခံရမည့် အပြစ်နှင့် ရှက်ကြောက်ခြင်းမှ အမှန်တကယ် လွတ်မြောက်စေနိုင်ပါမည်နည်း။
ဗိမ္မာန်တော်ဝင်းထဲတွင် လူတို့သည် ရောင်းဝယ်ဖောက်ကားခြင်း၊ ငွေကြေးလဲလှယ်ခြင်းတို့ဖြင့် စည်ကားလျက်ရှိသည်။
ရုတ်တရက် ထိုနေရာသို့ ယေရှု ရောက်လာသော် . . .


ဘုရားရဲ့အိမ်တော်က ဆုတောင်းရာအိမ်တော်ဖြစ်ရမှာ။ ဒါပေမယ့် မင်းတို့တွေက သူခိုး၊ဓါးပြတွင်းဖြစ်အောင် လုပ်လိုက်ကြတယ်။
သူကအန္တရာယ်များတယ်။ ဒါပေမယ့်လည်း လူတွေက သူပြောသမျှကို နားယောင်နေကြတယ်။
သူ့ကိုရှင်းထုတ်ပစ်ဖို့ အခွင့်အခါကောင်းကို ရှာမှဖြစ်မယ်။



သူ့ကိုဖမ်းဖို့ လှည့်ကွက် တစ်ခုရှာရမယ်။ ပြီးတော့မှ သူ့ကို အသတ်ခံရအောင် လုပ်ရမယ်။
ပွဲတော်အချိန်အတွင်းတော့ မလုပ်ပါနဲ့။ ပသခါပွဲချိန်အ တွင်း ရုန်းရင်းခတ် မဖြစ်စေနဲ့။
သူ့ကိုအပ်မယ်ဆို သင်တို့ ပိုက်ဆံဘယ် လောက်ပေးမလဲ။
အဲဒါ ယုဒပေါ့။ သူ့တပည့်တော် တွေထဲက တစ်ယောက်လေ။
ယေရှုကိုရမယ်ဆိုရင် မင်းကိုငါတို့ ငွေစသုံးဆယ်ပေးမယ်။ ကျွန်တစ် ယောက်စာဈေးနှုန်းအတိုင်းပေါ့။
ကျုပ်ယေရှုကို ခင်ဗျားတို့လက်အပ်မယ်။


ပသခါပွဲမတိုင်မီနေ့များတွင် ယေရှုသည် ဗိမ္မာန်တော်တွင် လူများတို့ကို စကားပြောတော်မူသည်။ ဂျေရုဆလင်မြို့ ပြိုကျသွားမည့်အကြောင်း၊ လူတိုင်းထွက်ပြေးရမည့် အကြောင်း၊ သို့သော် သူသည်လူတို့ကို ချစ်မြဲတိုင်း ချစ်မည့်အကြောင်း ပြောကြားလေ သည်။ ပြီးမှ ပေတရုနှင့်ယောဟန်ကို ပသခါညစာစားပွဲအတွက် ပြင်ဆင်စေသည်။
ညနေစောင်းအချိန်တွင် ယေရှုနှင့်သူ၏တပည့်တော် တစ်ဆယ့်နှစ်ပါးတို့သည် မြို့ထဲတွင် တွေ့ဆုံကြရာတွင် . . .
ဒီကိစ္စကို ဒီညလုပ်ရမယ်။


ငါက ဒုက္ခဝေဒနာတွေ မခံစားရခင်မှာ မင်းတို့နဲ့အတူ ဒီပသခါပွဲကိုစားသောက်ဖို့ သိပ်ကို မျှော်လင့်ထားခဲ့တာ။
အခွင့်အာဏာရှိတဲ့သူတွေက အခြားသူတွေကို စေစားကြတယ်။ ဒါပေမယ့် မင်းတို့အတွက်ဆိုရင်တော့ ဆန့်ကျင်ဘက်ပေါ့။
မင်းတို့အထဲက အနိမ့်ဆုံးအစေခံက မင်းတို့ရဲ့ခေါင်းဆောင်ဖြစ်လိမ့်မယ်။
ငါကတော့ မင်းတို့ထဲက အစေခံတစ်ယောက်အဖြစ် ရှိနေတာ။


သခင် ကျွန်တော့်ခြေထောက်ကို ကျွန်တစ်ယောက်လိုမျိုး ဆေးကြောပေးမှာလား။ ဟင့်အင်း။ လုံးဝမလုပ်ရဘူး။
ပေတရုရေ ငါကမင်း ခြေထောက်ကို မဆေးရဘူးဆိုရင် မင်းကငါနဲ့မသက်ဆိုင်ဘူးနော်။
ဒါဆိုရင် ကျွန်တော့်ဦးခေါင်းရော၊ လက်တွေကိုပါ ဆေးကြောပေးပါလား။
ရေချိုးပြီးသား လူတစ်ယောက်ဟာ ခြေထောက်ကိုဘဲ ထပ်ပြီးဆေးကြောဖို့လိုအပ်တယ်လေ။
သင်တို့က ငါ့ကို အရှင်ဘုရားလို့ လည်းခေါ်တယ်၊ သခင်လို့လည်း ခေါ်တယ်။ ဒါအမှန်ဘဲ။ ငါက သင်တို့ရဲ့ခြေထောက်ကိုဆေးပေးသလိုဘဲ သင်တို့လည်း အချင်းချင်း အဲဒီလိုဘဲ အစေခံရမယ်။
သင်တို့ထဲက တစ်ယောက်က ငါ့ကိုသစ္စာဖောက်လိမ့်မယ်။
လုံးဝဘဲ။
ကျွန်တော်မဟုတ်ဘူး။
ယုဒရေ မင်းလုပ်စရာရှိတာကို အမြန်သာ လုပ်ပေတော့။


ငါ့ကိုအောက်မေ့သတိရဖို့ ဒါကို မကြာခဏလုပ်ပါ။
ဒီမုန့်ကိုစားပါ။ ဒါက ငါ့ရဲ့ကိုယ်ခန္ဓာဖြစ်တယ်။
ဒီစပျစ်ရည်ကိုသောက်ပါ။ ဒါက သင်တို့အပြစ်အတွက် သွန်းတဲ့ ငါ့ရဲ့အသွေးဖြစ်တယ်။ဒီနည်းနဲ့ ဘုရားကသင်တို့နဲ့ပဋိညာဉ်သစ် ကိုပြုတယ်။
ပညတ်အသစ်တစ်ခုကို ငါပေးမယ်။ ငါက သင်တို့ကို ချစ်သလိုဘဲ သင်တို့က အချင်းချင်းချစ်ကြရမယ်။
ငါ့ရဲ့ချစ်ခြင်းမေတ္တာက သင်တို့အထဲမှာ ရှိတယ်ဆိုရင် သင်တို့က ငါ့တပည့်ဖြစ်တယ် ဆိုတာကို လူတိုင်းသိကြလိမ့်မယ်။
သခင်ဘယ်သွားသွား ကျွန်တော်က တော့လိုက်မှာ။ သခင့်အတွက်အသက် ကိုပေးရမယ်ဆိုရင်လည်းရတယ်။
ပေတရုရေ ကြက် မတွန်ခင်လေးမှာဘဲ သင်ကငါ့ကို သုံးကြိမ် ငြင်းပယ်လိမ့်မယ်။




ထိုနေ့ ညနေခင်းတွင် ယေရှုနှင့်သူ၏တပည့်တော်များတို့သည် မြို့မှထွက်ခွာခဲ့ကြသည်။ သူတို့နှင့်အတူ ယုဒ မပါလာပါ။
ငါက သင်တို့ကို ထားခဲ့ရမှာဖြစ်ပေမယ့် အဖခမည်းတော်က သူ့ရဲ့ဝိညာဉ်တော်ကို သင်တို့ဆီကို စေလွှတ်လိမ့်မယ်။ ဝိညာဉ်တော်က သင်တို့ကို ကူညီမစပြီး သင်တို့နဲ့အမြဲ အတူရှိလိမ့်မယ်။
ငါသွားမယ့်နေရာဆီရောက်တဲ့ လမ်းကို သင်တို့သိပါတယ်။
ငါက လမ်းခရီးဖြစ်တယ်။ သမ္မာတရားလည်းဖြစ်တယ်။ အသက်လည်းဖြစ်တယ်။ ငါ့အားဖြင့်သာ မဟုတ်ရင် ဘယ်သူမှ အဖခမည်းတော်ဆီ မရောက်ရဘူး။
သင်တို့ ဒီမှာနေခဲ့ကြ။ ငါကတော့ နည်းနည်းရှေ့ဆက် သွားပြီး ဆုတောင်းလိုက်ဦးမယ်။
ကျွန်ုပ်အဖ ဖြစ်နိုင်မယ်ဆိုရင် ဒီဒုက္ခဝေဒနာခံရမယ့်အဖြစ်ကို ကျွန်ုပ်ထံကနေ ဖယ်ရှားပေးတော်မူပါ။
ဒါပေမယ့် ကျွန်ုပ် အလိုအတိုင်း မဖြစ်ပါစေနဲ့။ ကိုယ်တော့်အလို အတိုင်းသာ ဖြစ်ပါစေ။


ဘယ်လိုများ အိပ်လို့ပျော်နိုင်ကြတာလဲ။ ထကြစမ်း။ ကြည့် ငါ့ကိုသစ္စာဖောက်မယ့်သူ ရောက်လာပြီ။
ငါနမ်းတဲ့သူကို ဖမ်း။
သခင်ဘုရား။
ယုဒ သင်ကငါ့ကို အနမ်းတစ်ချက်နဲ့ ငါ့ကို လှည့်စားတယ်ပေါ့လေ။
သခင် ကျွန်တော်တို့ ပြန်ချလိုက်ရမလား။
ရပ်စမ်း။
ယေရှုက ထိုသူတို့ကို သူ့အားဖမ်းဆီးခွင့်ပြုလိုက်ချိန်တွင် သူ၏နောက်လိုက်များတို့သည် ခြေဦးတည့်ရာ ထွက်ပြေးကြလေသည်။



ယေရှုသည် ဂျူးဘာသာရေးခေါင်းဆောင်များတို့၏ အချုပ်ဖြစ်သော ယဇ်ပရောဟိတ်မင်းထံသို့ ခေါ်ဆောင်
သွားခြင်းခံရသည်။ ပေတရုနှင့်ယောဟန်တို့က မလှမ်းမကမ်းမှ လိုက်ကြည့်ကြသည်။
ပေတရုက ဗိမာန်တော်ဝင်းအတွင်း
အလစ်တွင် ဝင်သွားလိုက်သည်။
ရှင်က သူ့လူ
မဟုတ်လား။
မဟုတ်ဘူး။ သူ့ကို
သိတောင်မသိဘူး။
မင်းက သူတို့ထဲက
တစ်ယောက်မဟုတ်လား။
လုံးဝမဟုတ်ဘူး။
သေချာပါတယ်။ မင်းလည်းအဲဒီမှာ
ရှိနေတာဘဲ။ မင်းက ဂါလိလဲလူလေ။
မင်းတို့ ဘာပြော
နေမှန်း ငါမသိဘူး။




အောက်အီး အီး အွတ်. . .
ယေရှုက ပေတရုကို လှမ်းကြည့်လိုက်သည်။
လုပ်စမ်းပါ။ ဟောစမ်းပါဦး။ ဘယ်သူရိုက်လိုက်လဲ ဆိုတာ။
သင်က ဘုရားသခင်ရဲ့ သားတော်ဟုတ်သလား။
သင် အခုဘဲပြော လိုက်ပြီလေ။
နံနက်အချိန်တွင် ယေရှုကို ဂျူးဘာသာရေးခေါင်းဆောင်များ စုဝေးရာသို့ ခေါ်ဆောင်သွားကြသည်။ ယဇ်ပရောဟိတ်မင်းက ယေရှုကို စစ်ဆေးမေးမြန်းသည်မှာ . . .
မုသာစကားဘဲ။သူက သေပြစ်နဲ့ ထိုက်တန်တယ်။ ရောမတွေ သူ့ကို စီရင်ပါစေ။


ယေရှုကို ပိလတ်မင်း၏အိမ်သို့ ခေါ်ဆောင်ကြ၏။ ယဇ်ပုရောဟိတ်များနှင့်လူများတို့သည် ကိုယ်တော်ကို အပြစ်တင်ကြ၏။
ဒီစွဲချက်တွေအားလုံးအတွက် သင် ဘာပြောချင်လဲ။ ဘာမှမပြောတော့ဘူးလား။
သူ့ဆီမှာ ဘာပြစ်ချက်မှရှာမတွေ့ဘူး။ အခုက ပသခါပွဲချိန်လည်းဖြစ်တာကြောင့် ငါ ဘယ်သူ့ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးရမလဲ။ ဗာရဗ္ဗကိုလား။ ဟောဒီက ဂျူးရှင်ဘုရင်ကိုလား။
သင်ဘာလုပ်ခဲ့သလဲ။
ကျုပ်က သမ္မာတရားကို သက်သေထူဖို့ ရောက်လာတဲ့သူဘဲ။
သမ္မာတရားဆိုတာ ဘာလဲ။



ဗာရဗ္ဗ။
ဗာရဗ္ဗကို လွှတ်ပါဗျို့။
ဒီယေရှုဆိုတဲ့သူကို ငါဘာလုပ်ရမလဲ။
သတ်ပစ်လိုက်။
သူက ဘုရင် အယောင်ဆောင် ထားတာ။
သူ့ကိုလွှတ်ပေးလိုက် တယ်ဆိုရင်တော့ သင် က ဆီဇာရဲ့ မဟာမိတ် မဟုတ်တော့ဘူး။
သူ့အစား သင်ကလွှတ်ငြိမ်းခွင့်ရပြီ။
လူသတ်မှုအတွက် ပြစ်မှုထင်ရှားစေကာမူ ဗာရဗ္ဗသည် ယေရှုကိုယ်စား လွှတ်ငြိမ်းချမ်းသာခွင့်ရခဲ့သည်။
. . . ၃၇၊ ၃၈၊ ၃၉
သူ့အသွေးက ငါနဲ့မဆိုင်။
ဂျူးတို့ရဲ့ ရှင်ဘုရင်ကြီး ကျန်းမာပါစေ။


ဒီလူကို ကြည့်ကြပါဦး။
သေမိန့်ပေးလိုက်ပါ။
သူ့ကို ရှင်းထုတ်ပစ်လိုက်။
သတ်ပစ်လိုက်ပါ။
ပိလတ်မင်းသည် စီရင်ချက်ကို
လက်မှတ်ရေးထိုးလိုက်သည်။
ယေရှုသည် လက်ဝါးကပ်တိုင်ကို
ဂျေရုဆလင်လမ်းများအတိုင်း
ထမ်းပြီးလမ်းလျှောက်သွားခဲ့ရသည်။
သေဒဏ်စီရင်မည့်နေရာမှာ
မြို့တံတိုင်း ပြင်ပတွင်ဖြစ်သည်။
ထိုတောင်ကုန်းကို ဂေါလဂေါသ
ဟုခေါ်သည်။ အဓိပ္ပါယ်မှာ
ဦးခေါင်းခွံအရပ်ဟူ၍ ဖြစ်သည်။
ထိုနေရာတွင် ယေရှုကို ရောမစစ်သား
တို့က လက်ဝါးကပ်တိုင်တွင် သံဖြင့်
ရိုက်ထားကြသည်။



ထိုအချိန်တွင် ယုဒသည်
မိမိပြုခဲ့မိသည့်အမှုအတွက် ကြီးစွာ
နောင်တရလေသည်။
ကျွန်ုပ်
မှားပါပြီ။
အပြစ်မရှိသောသူ၏
အသွေးကို အပ်မိပါပြီ။
ငါတို့နဲ့ ဘာဆိုင်လို့လဲ။
သင့်ဟာသင် ပြန်စဉ်းစားကြည့်။
ယေရှုသည် ရာဇဝတ်သားနှစ်ဦးတို့ကြားတွင် သေဒဏ်စီရင်ခြင်းခံတော်မူသည်။
အဖ သူတို့ကို
ခွင့်လွှတ်တော်မူပါ။ သူတို့
ဘာလုပ်မိနေတယ်ဆိုတာ
ကို သူတို့မသိကြပါဘူး။



လက်ဝါးကပ်တိုင်ပေါ်တွင် ပြစ်ချက်ကို ဘာသာစကား သုံးမျိုးဖြင့်ဖော်ပြထားသည်။ ထိုဖော်ပြချက်က ဂျူးလူမျိုးတို့၏ ရှင်ဘုရင် ယေရှု ဟုဆိုထားသည်။
IESVS NAZARENVS REX IVDAEORVM
နာကျင်မှုသက်သာစေသော ဆေးရည်ကိုသောက်ရန် ယေရှု ငြင်းဆန်ခဲ့သည်။
စစ်သားများတို့က ဝတ်လုံကို မဲဖောက်ယူကြသည်။
ဟုတ်သားဘဲ။ အခြားသူတွေကိုတော့ ကယ်တင်ခဲ့တာဘဲကို။
သင်က ဘုရားရဲ့သားဆို လက်ဝါးကပ်တိုင်ပေါ်ကဆင်းခဲ့လေ။
သင့်ကိုယ်သင်ရော ကျွန်ုပ်တို့ကိုပါ ကယ်လိုက်ပါလား။
ဘုရားကို လေးစားစမ်းပါကွ။ ငါတို့က ကိုယ်နဲ့ထိုက်တဲ့အပြစ်ကိုခံရတာ။ ဒီလူက ဘာအပြစ်တစ်ခုမှ မကျူးလွန်ဘဲခံရတာလေ။
နိုင်ငံတော်မှာ ဘုန်းဝင်စားတဲ့အခါ ကျွန်တော်မျိုးကိုလည်း သတိရတော်မူပါ။
ယနေ့မှာဘဲ သင်ဟာ ငါနဲ့အတူ ပရဒိသုဘုံကို ရောက်ရမယ်လို့ ငါအာမခံတယ်။



မွန်းတည့်ချိန်တွင် အမှောင်ကျသွား ခဲ့သည်မှာ သုံးနာရီခန့်ကြာသည်။
ယေရှု၏မယ်တော်မာရီနှင့် တပည့်တော်ယောဟန်တို့က စောင့်ကြည့်နေကြသည်။
အခုတော့ သင်တို့က သားအမိဖြစ်သွားကြပြီ။
အကျွန်ုပ်ဘုရား၊ အကျွန်ုပ်ဘုရား။ အဘယ်ကြောင့် အကျွန်ုပ်ကို စွန့်ပစ်ရပါသလဲ။
ရေငတ်တယ်။
အိုအဖ အကျွန်ုပ်ရဲ့ဝိညာဉ်ကို ကိုယ်တော့်လက်အပ်ပါတယ်။
အမှုပြီးပြီ။


ယေရှုသည် မွန်းလွဲသုံးချက်တီး အချိန်တွင် အသက်စွန့်တော်မူခဲ့ သည်။ စစ်သားတစ်ယောက်က ယေရှု၏နံဘေးကိုလှံဖြင့် ထိုးလိုက်ရာ သွေးနှင့်ရေထွက်ကျလာသည်။ သူ၏နှလုံး ကြေပျက်သွားသည်။
ကျမ်းစာက "သတ်ဖို့လျာထား သောသိုးသူငယ်ကဲ့သို့ ခေါ်ဆောင်သွားခြင်း ခံရသည်"လို့ ဆိုထားတယ်။
"သူသည် အကျွန်ုပ်တို့၏မှားယွင်း ခြင်းများကြောင့် ညှင်းဆဲခြင်း၊ အကျွန်ုပ်တို့၏အပြစ်များကြောင့် အသေသတ်ခြင်းကို ခံတော်မူသည်။"
သူဟာ ကြွလာတော်မူမယ့် မေရှိယ ဟုတ်လား၊ မဟုတ် ဘူးလား မသိတော့ဘူး။
လာဟော့။ သူ့ကိုသင်္ဂြိုဟ်လို့ ရမရ သွားမေးကြည့်စို့။
အရိမသဲမြို့သား ယောသပ်နှင့် နိကောဒင်တို့က ယေရှု၏အလောင်းတော်ကို လက်ဝါးကပ်တိုင်ပေါ်မှ ချလိုက်ကြသည်။ ပြီးမှချည်စဖြင့် ပတ်ရစ်ပြီး ကျောက်ဂူအတွင်းထည့်သွင်း သင်္ဂြိုဟ်လိုက်ကြသည်။


ပသခါပွဲအတွက် သတ်မှတ်ထားသည့် အနားယူရာနေ့ရက်များအပြီးတွင် အချို့သော မိန်းမများတို့သည် သင်္ချိုင်းဂူသို့သွားကြရာ . . .
ကျောက်တုံးကြီးက ဘေးကိုရွေ့နေပါလား။
အသက်ရှင်တဲ့သူကို အသေကောင် တွေကြားမှာ ဘာလို့လာရှာနေကြတာလဲ။ သူက ရှင်ပြန်ထမြောက်ပြီ။ သွားပြီး တပည့်တော်တွေကို ပြောပြလိုက်။
ထိုသတင်းကိုကြားသောအခါ ပေတရုနှင့်ယောဟန်တို့သည် သင်္ချိုင်းဂူသို့ ပြေးလာကြသည်။
ဘယ်လိုဖြစ်တာလဲ။
ဘာမှကို မရှိတော့တာပေ့။


အပြင်ဘက်ရှိ ဥယျာဉ်ထဲတွင် . . .
အချင်းမိန်းမ ဘာလို့မျာ်ငိုကြွေး နေတာလဲ။ သင်ကဘယ်သူ့ကို ရှာနေတာလဲ။
ဥယျာဉ်စောင့်ကြီး ရှင်တို့သူ့ကို ဖယ်ရှားပစ်လိုက်တာတော့ မဟုတ်ပါဘူးနော်။
မာရိရေ။
သခင်။
ငါ့နားမှာချည်း မနေနဲ့ဦး။ ငါ့အဖခမည်းတော်ဖြစ်တဲ့ သင်တို့ရဲ့အဖ၊ ငါ့ဘုရားဖြစ်တဲ့ သင်တို့ရဲ့ဘုရားဆီကို ငါပြန်သွားရဦးမယ် ဆိုတဲ့ အကြောင်း ငါ့ညီအစ်ကိုတွေကို ပြောပြလိုက်ပါဦး။


ထိုနေ့တွင်ပင် ယေရှု၏ စိတ်ပျက်လက်ပျက်ဖြစ်နေသော တပည့်တော်နှစ်ဦးတို့က ခရီးသွားတစ်ဦးနှင့် ယေရှု လက်ဝါးကပ်တိုင်ပေါ်တွင် အသတ်ခံရသည့်အကြောင်း ဆွေးနွေးလာကြရာ . . .
ဒါဖြင့်ရင် သင်တို့က ပရောဖက်တွေပြောတာကို မယုံကြဘူးပေါ့။ မေရှိယက ဒုက္ခဝေဒနာကိုခံပြီးမှ ဘုန်းဝင်စားရမှာ မဟုတ်ဘူးလား။ ကျမ်းစာထဲမှာ အဲဒီလိုပြောထားပြီးသားလေ။ အဲဒီထဲမှာ ရေးထားသမျှက သူ့အကြောင်းတွေချည်းဘဲလေ။
မုန့်ကိုလက်ဆင့်ကမ်းပေးလိုက်စဉ်တွင် သူတို့၏ ဧည့်သည်မှာ ရုတ်တရက် ပျောက်ကွယ်သွားသည်။
ဒါပေမယ့် အဲဒါ ယေရှုကိုယ်တိုင်ဘဲလေ။
ဂျေရုဆလင်ရှိ သူတို့၏မိတ်ဆွေများနှင့် တွေ့ဆုံရန် သူတို့ချက်ချင်းထွက်ခွာသွားကြသည်။
ငါတို့တွေ သခင့်ကိုတွေ့ခဲ့တယ်ကွ။
မာရိလည်းတွေ့တယ်။ ပြီးတော့ ပေတရုရောဘဲ။
ထိုစဉ်တွင် ရုတ်တရက်. . .
သင်တို့တွင် ငြိမ်သက်ခြင်းရှိစေသတည်း။
ငါဆိုတာကို သင်တို့မယုံကြည်ကြဘူးလား။ ငါ့ရဲ့လက်တွေ၊ ခြေတွေကို ကြည့်ကြပါ။
အကျွန်ုပ်၏ သခင်။ အကျွန်ုပ်၏ ဘုရား။


ယေရှုသည် သူ၏တပည့်တော်များတို့ကို ရက်ပေါင်းလေးဆယ်ပတ်လုံး ကိုယ်ထင်ရှားပြတော်မူသည်။ သူသည် လူပေါင်းငါးရာတို့ကို ပင်တစ်ပြိုင်နက် တွေ့ဆုံခဲ့သည်။ သူ၏တပည့်တော်များတို့က ဂါလိလဲသို့ပြန်သွားကြသည်။ တစ်နေ့သောအခါ သူတို့ငါးဖမ်းနေကြစဉ် . . .
ဟေ့လူတွေ။ စားစရာလေး ဘာလေးများ မရှိကြဘူးလား။
မရှိဘူးဗျို့။ ငါးတောင် တစ်ကောင်မှ ဖမ်းမမိသေးဘူး။
သင်တို့ရဲ့ ပိုက်ကွန်ကို ဟိုဘက်အခြမ်းကို ပစ်ချလိုက်။
အောင်မယ်လေး။ မနည်းမနောပါလားဟေ့။
အဲဒါသခင်ဘုရားဘဲ။
သခင်။
လာပြီး ငါနဲ့အတူစားကြ။


ပေတရု မင်းငါ့ကို တကယ်ချစ်ရဲ့လား။
ထိုမေးခွန်းကို ယေရှုသည်ပေတရုအား သုံးကြိမ်တိုင်တိုင်မေးတော်မူသည်။
ကျွန်ုပ်သခင့်ကိုချစ်တယ်ဆိုတာ သခင်သိပါတယ်။
ငါ့သိုးတွေကို ကျွေးမွေးပါ။
ငါ့နောက်က လိုက်ခဲ့ပါ။
ကောင်းကင်ပေါ်မှာရော မြေကြီးပေါ်မှာပါ ရှိသမျှ အခွင့်အာဏာတွေ အားလုံးကို ငါ ရပြီ။ ဒီလောကကြီးထဲက ရှိသမျှတိုင်းနိုင်ငံ အရပ်ရပ်ကိုသွားပြီး လူတွေကို ငါ့တပည့် ဖြစ်စေကြပါ။သူတို့ကို ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်ရဲ့ နာမ၌ ဗတ္တိဇံကိုပေးကြပါ။ငါက သင်တို့ကို ပြောပြခဲ့တာတွေ အားလုံးကို သူတို့သိအောင် သင်ပေးလိုက်ပါ။
ထိုသို့မှာကြားတော်မူပြီးနောက် ယေရှုသည် ဤကမ္ဘာမြေကြီးမှ တက်ကြွသွားခဲ့သည်။ သူသည်ကောင်းကင်သို့ ချီဆောင်ခြင်းခံတော်မူသည်။ သို့ရာတွင် သူနောက်တစ်ကြိမ်ကြွလာတော် မူဦးမည်ဟုလည်း မိန့်တော်မူခဲ့သည်။


ယေရှု၏နောက်လိုက်များတို့က ဆုတောင်းလျက်စောင့်နေကြသည်။ ရက်ငါးဆယ်ပြည့်ပြီးနောက် ပင်တေကုတ္တေနေ့တွင် သူတို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်ခဲ့သည်။ယေရှုအထဲ၌ရှိသော ထို ဝိညာဉ်တော်သည် ယခုအခါ သူတို့ အထဲတွင် သာမက ယေရှုကိုယုံကြည် သူတို့ အထဲတွင်ရှိနေပေပြီ။ သူ၏ တပည့်တော်များတို့သည် သူ၏ တန်ခိုး နှင့်ပြည့်ဝသော သက်သေခံများ ဖြစ် ကြသည်။ ပို၍များသောလူတို့ သည် ယေရှု အကြောင်းကို ကြားရကြပြီ။
ဟေ့ လူတွေ နားထောင်ကြ။ သေခြင်းက ယေရှုကို မချုပ်ထားနိုင်တော့ဘူး။ဘုရားက သူ့ကို ရှင်ပြန်ထမြောက်စေပြီး သခင်ဘုရား အရာ ရောက်စေပြီ။ ယေရှုဟာ ဘုရားဘုန်းတော်ရဲ့ ချီဆောင်ခြင်းခံရတဲ့ ပထမဆုံးပုဂ္ဂိုလ်ဘဲ။ အဲဒီဘုန်း တန်ခိုးတော်ကငါတို့အတွက် လည်း ဖြစ်တယ်။
ကြီးမားသော ဆန့်ကျင်မှုများရှိနေသည့်တိုင် ယေရှု၏တပည့်တော်များတို့သည် ဤလောကထဲသို့ ပြန့်နှံ့သွားသည်။
ယေရှုက ဘုရားရဲ့သားတော်ဖြစ်တယ်။ ငါတို့လည်း ဘုရားရဲ့သားသမီးတွေ ဖြစ်လာနိုင်တယ်။
ယခုအခါ ကမ္ဘာပေါ်တွင် ပို၍ပို၍များပြားသောလူတို့သည် ဆုတောင်းရန်နှင့်ကျမ်းစာဖတ်ရန်အတွက် အတူတကွစုဝေးကြသည်။ သူတို့သည် ဘုရား၏ကျေးဇူးတရားအတွင်း အသက်ရှင်ကြသည်။ ဘုရား၏မျက်နှာသာပေးခြင်းကိုခံကြရသည်။ သူတို့သည် အချင်းချင်းချစ်ကြပြီး လိုအပ်နေသူများတို့ကိုကူညီမစကြသည်။သူတို့သည် မိမိတို့၏ရန်သူများကိုပင် ချစ်ကြသည်။ မိမိတို့အပြစ်ခွင့်လွှတ်ခြင်းခံရပြီးသည်ကို အောက်မေ့သတိရသည့် အနေနှင့် မုန့်ကိုဖဲ့ပြီး စပျစ်ရည်ကို သောက်ကြသည်။ သူတို့သည် အသစ်သော၊ တန်ခိုးနှင့်ပြည့်ဝသော အသက်တာ၊ ဘုရား၏ ဝိညာဉ်တော်နှင့် ပြည့်ဝသောအသက်တာကိုရရှိကြသည်။



သူ၏ချစ်ခြင်းမေတ္တာအတွက် ကျေးဇူးတင်ပါ။ သူ၏မေတ္တာကို လက်ခံရယူပါ။သူ့ကို ယုံကြည်ကိုးကွယ်ပါ။
ဘုရားက မိမိသားတော်ကို ဤလောကသို့ စေလွှတ်ရာတွင် ကျွန်ုပ်တို့ကို အပြစ်စီရင်ရန် အတွက် မဟုတ်ဘဲ ကယ်တင်ရန်အတွက် ဖြစ်သည်။ ဘုရားက ကျွန်ုပ်တို့ကို ချစ်တော်မူသောကြောင့် မိမိ၏တပါးတည်းသော သားတော်ကို စွန့်တော်မူသည်။ သားတော်ကိုယုံကြည်သောသူအယောက်စီတိုင်းသည် ဆုံးရှုံးခြင်းသို့မရောက်ရဘဲ ထာဝရအသက်ကိုရမည်။
WILLEM DE VINK

# သမ္မာကျမ်း

ယေရှု၏ဘဝဇာတ်ကြောင်းကို သမ္မာကျမ်းတွင် မှတ်တမ်းတင်ထားသည်။ ထိုသမ္မာကျမ်းစာအုပ်ထက်ပိုပြီး မည်သည့်စာအုပ်ကိုမျှ ဖတ်ရှုခဲ့ကြခြင်း၊ဖတ်ရှုနေခြင်း မရှိခဲ့သေးပါ။ ၎င်းသည် ကျမ်းစာအုပ်များတို့၏ ပေါင်းချုပ်ဖြစ်သည်။ ထိုကျမ်းစာများအားလုံးတို့ကို ရေးသားပြီးစီးရန် နှစ်ပေါင်း (၁၅၀၀)အချိန်ယူခဲ့ရသည်။ ထိုသမ္မာကျမ်းစာအုပ်ကို လွန်ခဲ့သောနှစ်ပေါင်း (၁၉၀၀)ခန့်ကရေးသားပြီးစီးခဲ့သည်။၎င်းတွင် လူတို့၏ဘဝများ အထဲ၌ ဘုရားကမည်သို့ပါဝင် ပတ်သက်ခဲ့ကြောင်း ဇာတ်လမ်းပေါင်းများစွာ ပါဝင်သည်။ ယေရှု၏သက်တော် စဉ်က ဘုရားသည်မည်သူဖြစ်ကြောင်းကို အရှင်းလင်းဆုံးဖော်ပြနေသည်။

## ယေရှု၏ သမိုင်းကြောင်း

သမ္မာကျမ်းတွင် ယေရှုသက်တော်စဉ်အား ကျမ်းလေးစောင်တွင် ဖော်ပြထားသည်။ ရေးသားသူများတို့၏ အမည်များကိုလည်း ဖော်ပြထားသည်။ ထိုသူတို့သည် ယေရှုခေတ်ကာလတွင် ရှင်သန်နေထိုင်ခဲ့ကြသူများဖြစ်ကြသည်။



**၁။ မဿဲ** - ယေရှု၏တပည့်တော်တစ်ဦး၊ အခွန်တော်ငွေကောက်ခံသူတစ်ဦးအဖြစ် အလုပ်လုပ်ခဲ့ဖူးသည်။ သူက အထူးသဖြင့် အစ္စရေးလူမျိုး (ဂျူး)တို့နှင့်ယေရှု မည်သို့ ပတ်သက်ဆက်ဆံခဲ့ကြောင်းကို ဖော်ပြခဲ့သည်။

**၂။ မာကု** - ယေရှုက သူ၏လုပ်ငန်းများကို ဆောင်ရွက်နေစဉ်က မာကုသည် ဆယ်ကျော်သက်တစ်ဦးမျှသာရှိသေးသည်။သူသည် ယေရှု လုပ်ဆောင်ခဲ့သည့် နိမိတ်လက္ခဏာများဆိုင်ရာအကြောင်းအရာအချို့တို့ကို ရေးသားခဲ့သည်။

**၃။ လုကာ** - ဆရာဝန်တစ်ဦးဖြစ်ပါသည်။ ယေရှုနှင့်ကိုယ်တိုင်ကိုယ်ကျ သိကျွမ်းသူတစ်ဦး မဟုတ်ပါ။သူက ယေရှုသည်လူတို့နှင့် မည်သို့ ပတ်သက်ဆက်ဆံခဲ့ကြောင်းကို ဖော်ပြထားသည်။

**၄။ ယောဟန်** - ယေရှု၏နောက်လိုက်တစ်ဦးဖြစ်သည်။ ယေရှုက မည်သူဖြစ်သည်ဆိုကြောင်းကို အဓိကဖော်ပြသည်။ ယေရှုသည် လူတို့ကို အပြစ်မှလွတ်စေရန်အတွက် လူ့ဇာတိခံယူတော်မူသော ဘုရားဖြစ်သည်။

## ယေရှု ဖွားမြင်ခံတော်မူခြင်း

ယေရှု၏မယ်တော်မာရိသည် ယေရှုကိုပဋိသန္ဓေယူစဉ်တွင် ထိမ်းမြားဆောင်နှင်းခြင်းမရှိသေးသူတစ်ဦးဖြစ်ပါသည်။ ယေရှုကိုဖွားမြင်ပြီးသည့်အချိန်အထိ သူသည် အပျိုကညာတစ်ဦး ဖြစ်ဆဲရှိပါသေးသည်။ သို့သော် ဘုရားက ယေရှုဖွားမြင်ခြင်းခံနိုင်စေရန် စီစဉ်တော်မူခဲ့သည်။ အဆိုပါ နိမိတ်လက္ခဏာများတို့အကြောင်းကို ယေရှုဖွားမြင်ခြင်းခံတော်မမူခင် နှစ်ပေါင်းများစွာကြို တင်ပြီး ကြေငြာထားခဲ့သည်။ ယေရှုသည် သူရဲကောင်းတစ်ဦးအဖြစ်လည်းကောင်း၊ထူးခြားသော သူတစ်ဦးအဖြစ်လည်းကောင်း ဖွားမြင်ခံခဲ့ခြင်းမဟုတ်ပါ။ တည်းခိုရန်အခန်းလွတ်မရှိသည့်အတွက် သူသည် နွားတင်းကုပ်တစ်ခုအတွင်း ဖွားမြင်ခြင်းခံခဲ့ရသည်။


## ယေရှုပြုသော အံ့သြဖွယ်နိမိတ် လက္ခဏာများ

ယေရှုသည် နိမိတ်လက္ခဏာပေါင်းများစွာ ပြုခဲ့သည်။ အနာရောဂါငြိမ်းစေခြင်း နိမိတ်လက္ခဏာပေါင်း (၄၀)ကျော်ရှိကြောင်း သမ္မာကျမ်းစာက ဖော်ပြထားသည်။ထိုနိမိတ်လက္ခဏာများအားဖြင့် ယေရှုက ဘုရား၏တန်ခိုးတော်နှင့် မေတ္တာတော်ကိုလည်းကောင်း၊ ဘုရားက လူတို့ကို ကူညီစောင့်မလိုပြီး ပျော်ရွှင်စေလိုကြောင်း ပြသခဲ့သည်။





# ယေရှုအသေခံတော်မူခြင်းနှင့် ရှင်ပြန်ထမြောက်တော်မူခြင်း



**ယေရှုအဘယ်ကြောင့် အသေခံတော်မူရသနည်း။ ထိုအတွက် ရှင်းလင်းဖော်ပြချက်ကို သမ္မာကျမ်းတွင် ရေးသားထားပါသည်။**

လူသားအားလုံးတို့သည် ရံဖန်ရံခါတွင် မှားယွင်းသောအရာများတို့ကို ပြုတတ်ကြပါသည်။ ၎င်းတို့ မှာ ဘုရားက မလုပ်စေချင်သောအရာများနှင့် ဘုရားကို စိတ်ဆိုးဝမ်းနည်းစေသော အရာများ ဖြစ်ပါသည်။ ၎င်းတို့ကို အပြစ်ဟု ခေါ်ပါသည်။ ထိုအပြစ်များအားလုံးတို့က လူသားတို့ကို ဘုရားနှင့်မိတ်ဆွေဖြစ်ခြင်းမှ ဟန့်တားလျက် ရှိပါသည်။

ထိုအကြောင်းကြောင့် ယေရှုကြွလာခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်တို့အပြစ်များအတွက် အပြစ်ဒဏ်ကို ယေရှုကမိမိသဘော ဆန္ဒအလျှောက် ကိုယ်စားခံခဲ့ခြင်းဖြစ်ပါသည်။ထိုအပြစ်ဒဏ်မှာသေခြင်းဖြစ်သည်။ ယေရှုကျွန်ုပ်တို့အတွက် အသေခံတော်မူပြီးဖြစ်သဖြင့် ကျွန်ုပ်တို့သည် ဘုရားနှင့် တဖန်ပြန် ပြီးမိတ်ဆွေဖြစ်ခွင့်ရနိုင်ပါသည်။ သို့ရာတွင် ကျွန်ုပ်တို့က မိမိတို့ပြုထားသော အပြစ်များအတွက် နောင်တရရန်လိုပါသည်။

ယေရှုသေခြင်းမှ ထမြောက်တော်မူခဲ့သည်။ ဘုရားကသူ့ကိုတဖန်ရှင်ပြန်စေခြင်းဖြစ်သည်။ ထိုအမှုအရာအားဖြင့် ဘုရားသည်သေခြင်းထက်ပိုမိုတန်ခိုးကြီးတော်မူကြောင်း ပြသတော်မူခဲ့သည်။

ယေရှုသည် ဘုရားနှင့်အတူ စိုးစံတော်မူလျက်ရှိသည်။ ထို့ပြင် ကိုယ်တော်အသက်ရှင်တော်မူသောကြောင့် သူသည် ကျွန်ုပ်တို့၏မိတ်ဆွေအဖြစ် အစဉ်အမြဲရှိနေနိုင်ပါသည်။ သူသည် ကျွန်ုပ်တို့ကို ဘုရားနှစ်သက်ကျေနပ်သော နည်းလမ်းဖြင့်အသက်ရှင်နိုင်ရန် အကူအညီပေးလိုပါသည်။

## ဆုတောင်းရန်

အကယ်၍သင်သည် မိမိပြုခဲ့မိသောအပြစ်များအတွက် နောင်တရသည့်အပြင် ဘုရားနှင့်မိတ်ဆွေဖွဲ့လိုသည်ဆိုပါက အောက်ပါအတိုင်းဆုတောင်းနိုင်ပါသည်။

ဘုရားသခင်

ကိုယ်တော်၏တပါးတည်းသောသားတော်ယေရှုကို စွန့်တော်မူခဲ့သည့်တိုင်အောင် ကိုယ်တော်သည် ကျွန်ုပ်ကိုချစ်တော်မူပါသည်။ ယေရှုက ကျွန်ုပ်၏အပြစ်များအတွက် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံတော်မူခဲ့ပါသည်။ ကျွန်ုပ်၏အပြစ်များကို ခွင့်လွှတ်တော်မူပါ။ ကျွန်ုပ်နောင်တရပါပြီ။ယေရှု ကျွန်ုပ်ဘက်မှာရှိတော်မူသောကြောင့် ကျေးဇူးတင်ပါသည်။ ကိုယ်တော်နှင့်အစဉ်အမြဲသက်ဆိုင်သောသူ ဖြစ်လိုပါသည်။ ကိုယ်တော် ကျွန်ုပ်ကို အသက်ရှင်စေတော်မူလိုသောနည်းလမ်းအတိုင်း ကျွန်ုပ်အသက်ရှင်နိုင်ရန် မစတော်မူပါ။ကျွန်ုပ်နှင့် အစဉ်အမြဲအတူရှိတော်မူပါ။ ကျွန်ုပ်၏ ဆုတောင်းခြင်းကို တုန့်ပြန်တော်မူသောကြောင့် ကျေးဇူးတင်ပါသည်။ ကိုယ်တော်သည် ကတိထားတော်မူသည့်အတိုင်း ဆောင်ရွက်တော်မူသောသူဖြစ်ပါသည်။

## ယေရှုနှင့် သင်

သခင်ယေရှု၏အတ္ထုပ္ပတ္တိမှာ အဆုံးသတ်မရှိပါ။ ယေရှုသည် ထိုစဉ်မှစပြီး ယခုထက်ထိတိုင် လူပေါင်းများစွာတို့အတွက် မိတ်ဆွေဖြစ်လာခဲ့သည်။ ဤကမ္ဘာကြီးသည် ပြောင်းလဲသွားခဲ့ပါပြီ။လူပေါင်းများစွာတို့သည် မြည်းများ (သို့) မြင်းများတို့ဖြင့် ခရီးသွားလာခြင်း မရှိကြတော့ဘဲကားများ၊ လေယာဉ်ပျံများတို့ဖြင့် ခရီးသွားလာကြပါသည်။ သို့ရာတွင် ထိုအပြောင်းအလဲက ယေရှုအတွက် ခြားနားမှုမရှိပါ။ကိုယ်တော်သည် အစ္စရေးတွင် လှည့်လည်သွားလာစဉ်ကကဲ့သို့ပင် ကျွန်ုပ်တို့နှင့်နီးကပ်စွာ ရှိနေနိုင်ပါသည်။

ကိုယ်တော်ကို မမြင်ရသော်လည်း ကိုယ်တော်အမှန်တကယ်ရှိပါသည်။ ကိုယ်တော်သည် ယနေ့ပင် သင်၏မိတ်ဆွေဖြစ်လိုပါသည်။ သင်သည် ကိုယ်တော့်စကားကို နားထောင်နိုင်သကဲ့သို့ ကိုယ်တော့်ကို ချစ်နိုင်သည်။

ယေရှုအကြောင်း၊ ယေရှုအတူပါရှိသော ဘဝအသက်တာအကြောင်း ပိုမိုသိရှိလိုပါသလား။ သို့ဆိုပါက အောက်ပါတို့ကို လုပ်ဆောင်နိုင်ပါသည်။

**၁။ သင်ကိုယ်တိုင် သမ္မာကျမ်းစာကို စတင်ဖတ်ရှုပါ။**

(ဥပမာ - လုကာရေးသားသောအပိုင်းမှ စတင်ဖတ်ရှုခြင်း)

**၂။ စတင်ဆုတောင်းပါ။**

( ဘုရားကိုစကားပြောခြင်း နှင့် ဘုရားပြောသည်ကိုနားထောင်ခြင်း - ထူးခြားသောဝေါဟာရများသုံးရန် မလိုပါ )

**၃။ ယေရှုနှင့်သမ္မာကျမ်းအကြောင်း အခြားသူများကိုပြောပြပါ။**

ယေရှုကသူ့နောက်လိုက်များတို့ အတူတကွတွေ့ဆုံခြင်းနှင့် သူ့အကြောင်း ပိုမိုသိရှိလာသည်နှင့်အမျှ အချင်းချင်းခွန်အားပေးခြင်းတို့ လုပ်ဆောင်စေလိုပါသည်။

*စာသားနှင့်ရေးဆွဲသူ : Willem de Vink.*

*Copyright © 1993 Stichting Wereldtaal, Houten, The Netherlands. Published in Dutch as "Jezus Messias".*

*Edition in Burmese (Myanmar) © 2020*

*Digital copyright under the terms of the Creative Commons BY-SA license*

*All rights of translation, reproduction and adaptation reserved for all countries.*

*email: jmpbk.app@gmail.com*

*https://jesusmessiahcomicmedia.com/Welcome*

မေရှိယတည်းဟူသော ယေရှု။ ။ ဤသည်မှာ မေရှိယတည်းဟူသော
ယေရှု၏ဖြစ်ရပ်မှန်ဖြစ်ပါသည်။ သူသည်လွန်ခဲ့သောနှစ်ပေါင်း
(၂၀၀၀ )ခန့်က အစ္စရေးတွင်နေထိုင်ခဲ့ပါသည်။
သူနှင့်ဆုံတွေ့ခဲ့ဖူးသောသူများအားလုံးတို့သည် အံ့အားသင့်ခဲ့ကြရပါသည်။
သူပြုခဲ့သည့်အမှုမျိုးကို မည်သူကမျှ မပြုခဲ့သေးပါ။ သူပြောခဲ့သော
စကားတို့ကိုလည်း မည်သူကမျှ မပြောဖူးသေးပါ။ ယေရှုလူ့ဇာတိခံခဲ့စဉ်က
နိမိတ်လက္ခဏာများစွာ ဖြစ်ပေါ်ခဲ့သည်။ သူ မိန့်တော်မူသမျှတို့ကို
အလေးထားနားထောင်သောသူတို့အတွက် ဝမ်းမြောက်ခြင်းနှင့်
ပျော်ရွှင်ခြင်းတို့ကို ယူဆောင်ပေးပါသည်။ သို့ရာတွင်
ထိုဖြစ်ရပ်မှန်ဇာတ်လမ်းသည် ရုတ်တရက်တစ်ခန်းရပ်သွားခဲ့သည်။ သူ၏
ရန်သူများတို့က သူ့ကိုအသေသတ်စေခဲ့ကြသည်။ သို့သော် ၎င်းသည် နိဂုံး
မဟုတ်သေးပါ။ ထိုအဖြစ်အပျက်မည်သို့ဖြစ်ခဲ့သည်ကိုလည်းကောင်း၊
မေရှိယတည်းဟူသောယေရှု၏ ဖြစ်ရပ်မှန်ဇာတ်လမ်း မည်သို့ဆက်လက်
ဖြစ်ပေါ်နေကြောင်းကို သင်ကိုယ်တိုင် ဖတ်ရှုကြည့်နိုင်သည်။



*language: Burmese (Myanmar)*